၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်။

ဒုတိယအကြိမ်ထုတ် AEC Perspectives နှင့်ပတ်သက်၍–

ပါရမီစားပွဲဝိုင်း ဆွေးနွေးပွဲအုပ်စုမှ နောက်ထပ်ကြိုးပမ်းချက်တစ်ရပ်အဖြစ် AEC Perspectives ဒုတိယစာစောင်ကို ဖြန့်ချိလိုက်ပါသည်။ ပထမစာစောင်ကို ၂၀၁၃ခုနှစ်၊ ဇူလိုင်လက ထုတ်ဝေခဲ့ပြီး မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသော အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအကြောင်းကို ရေးသားတင်ပြခဲ့ပါသည်။

ယခုစာစောင်တွင် ၂၀၁၃ခုနှစ်၊ မေလအတွင်းက မော်လမြိုင်မြို့နှင့် ဘားအံမြို့တို့တွင် ကျင်းပပြီးစီးခဲ့သော အေအီးစီ အလုပ်ရုံဆွေးနွေးပွဲများ တင်ပြခဲ့ပြီး လူအများစိတ်ဝင်စားခဲ့ကြသည့် အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်း (East West Economic Corridor) အကြောင်းကို တင်ပြထားပါသည်။

မြန်မာနိုင်ငံ မော်လမြိုင်မြို့နှင့် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တို့ကို ဆက်သွယ်ထားသော အရှေ့အနောက် စီးပွားရေး စင်္ကြံလမ်းမကြီးကို တည်ဆောက်ပြီးစီးလုနီးနီး ဖြစ်ပါသည်။ အဆိုပါလမ်းသည် မြန်မာနိုင်ငံအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ ရသင့်ရထိုက်သော အကျိုးများအားလုံးကို မြန်မာနိုင်ငံသားများ အပြည့်အဝရရှိနိုင်စေရေး မှာအလွန်ပင်အရေးကြီးပါသည်။ သို့ဖြစ်ပါ၍ ယခုစာစောင်တွင် ဒေါက်ဖွံ့ဖြိုးရေးနှင့် စီးပွားရေးစင်္ကြံများ၊ အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်း၊ မြန်မာ့အကျိုး၊ မြန်မာနိုင်ငံအနေဖြင့် စဉ်းစားသင့်သောအချက်များစသဖြင့် အခန်းငယ်များ ခွဲလျက်တင်ပြထားပါသည်။

ဤစာစောင်တွင် ထိုသို့အကျိုးအမြတ်များ အပြည့်အဝရရှိနိုင်စေရန် အဓိကလုပ်ဆောင်သင့်သည့် အချက်အချို့ကိုတင်ပြ ဆွေးနွေးထားပါသည်။

အေအီးစီ အလုပ်ရုံဆွေးနွေးပွဲများမှတဆင့် ပေါ်ပေါက်လာသော ပြည်သူ့အသံများကို လုပ်ငန်းရှင်များ၊ မူဝါဒချမှတ် သူများနှင့် ပညာရှင်များအကြား ပူးပေါင်းအဖြေရှာခြင်းဖြင့် အေအီးစီကိုအကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေလိုသော စေတနာဖြင့် ယခုကဲ့သို့ AEC Perspectives စာစောင်များကို ထုတ်ဝေဖြန့်ချိရခြင်းဖြစ်ပါသည်။ နောင်တွင်လည်း အေအီးစီနှင့်ပတ်သက်၍ အများသိသင့်သိထိုက်သည့် အကြောင်း အရာများကို ပညာရှင်များက ဤကဏ္ဍမှတဆင့် ရေးသားတင်ပြ ဖြန့်ချိပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ပါရမီစားပွဲဝိုင်း ဆွေးနွေးပွဲအုပ်စုမှကြီးမှူးပြီး အေအီးစီ အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၂ ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ၊ ယနေ့အထိ (၁၁)ကြိမ်မြောက်ခဲ့ပြီဖြစ်ပါသည်။ ကျင်းပပြီးစီးခဲ့သော အလုပ်ရုံဆွေးနွေးပွဲအသီးသီးတွင် တင်ပြဆွေးနွေး ချက်များ၊ တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ဓာတ်ပုံများနှင့်တကွ www.aec.com.mm တွင် တက်ရောက်ကြည့်ရှုနိုင်ပါသည်။ မေးမြန်းလိုသော မေးခွန်းများရှိပါလျှင် အောက်ပါ email သို့ဆက်သွယ်မေးမြန်းနိုင် ပါသည်။

ကျေးဇူးတင်စွာဖြင့်

ပါရမီစားပွဲဝိုင်းဆွေးနွေးပွဲအုပ်စု
အမှတ် (၁၄-၀၄)၊ ဆာကူရာတာဝါ၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်။
ဖုန်း- (၀၁) ၂၅၅၁၀၄၊ ၂၅၅၁၀၆။ ဖက်စ်- (၀၁) ၂၅၅၁၀၉
Email: info@aec.com.mm
Website: www.aec.com.mm

AEC Perspectives

Round Table PARAMI Series

အာဆီယံစီးပွားရေးအသိုက်အဝန်း

Vol. 1, Issue 2, November 2013

အဓိကအချက်များ

တြိဂံဖွံ့ဖြိုးမှုနှင့် စီးပွားရေးစင်္ကြံများ

အရှေ့–အနောက် စီးပွားရေးစင်္ကြံလမ်း

မြန်မာ့အကျိုး

မြန်မာနိုင်ငံအနေဖြင့်အဓိက စဉ်းစားသင့်သောအချက်များ

ခံယူချက်

အေအီးစီ စားပွဲဝိုင်းဆွေးနွေးပွဲများတွင် မိမိတို့၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို မျှဝေပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လိုလားသော မြန်မာနိုင်ငံသားတိုင်း ပါဝင်ဆွေးနွေးခွင့် ရှိပါသည်။

အေအီးစီ စားပွဲဝိုင်း ဆွေးနွေးပွဲများကိုမိမိတို့အကျိုးအမြတ် မျှော်မှန်းခြင်းလည်းမရှိ၊ မည်သည့်နိုင်ငံရေးပါတီ၊ ဘာသာရေးအယူဝါဒတို့၏ လွှမ်းမိုးခြင်းလည်း မရှိသော တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် မြန်မာနိုင်ငံသားများမှ ဦးဆောင်ကျင်းပခြင်းဖြစ်ပါသည်။

စိတ်ပါဝင်စားသူများ စာမျက်နှာ(၄)ပါ လိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်း

အရှေ့တောင်အာရှနိုင်ငံများအတွင်း ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးမှာ ရှေးယခင်ကပင်ရှိခဲ့သောအိပ်မက်တစ်ခုဖြစ်ပါသည်။ အာဆီယံ(ASEAN)ကို ၁၉၆၇ ခုနှစ်ကပင်စတင် ဖွဲ့စည်းခဲ့သော်လည်း၊ နှောင်နှစ်ပေါင်းများစွာ ကြာမြင့်လာသည့် ၁၉၉၂ ခုနှစ်အထိ အောင်မြင်မှု အနည်းငယ်သာ ရရှိခဲ့ပါသည်။ သို့ရာတွင် ၁၉၉၀ ခုနှစ် စောစောပိုင်း ကာလများမှစတင်၍ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ အရှိန်ရလာသည်ကို တွေ့ရှိရပါသည်။ ဤသို့ဖြစ်ရခြင်း၏ အခြေခံအကြောင်းရင်းများနှစ်ရပ်အနက် ပထမအချက်မှာ စစ်အေးတိုက်ပွဲ ပြီးဆုံးသွားခြင်း၏ ရလာဒ်အနေဖြင့် ဒေသတွင်းနိုင်ငံများ ပိုမိုပေါင်းစည်း လာကြခြင်းဖြစ်ပါသည်။ ဒုတိယအချက်မှာ ကမ္ဘာ့အခြားသောဒေသများတွင် အုပ်စုများဖွဲ့လာကြခြင်း၊ အထူးသဖြင့် ဉရောပဘုံဈေးအဖွဲ့များ တိုးချဲ့လာကြခြင်း၏ ဂယက်များကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် အရှေ့တောင်အာရှ နိုင်ငံများသည် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းကို သဘောတရား အသစ်နှစ်ရပ်ဖြစ်သည့် တြိဂံဖွံ့ဖြိုးမှု (Growth Triangle)နှင့် စီးပွားရေးစင်္ကြံ (Economic Corridors)များကိုအသုံးပြု၍ အရှိန်အဟုန်မြင့်လျက် ဆောင်ရွက်လာကြသည်ကို တွေ့ရှိရပါသည်။

တြိဂံဖွံ့ဖြိုးမှုနှင့် စီးပွားရေးစင်္ကြံများ

တြိဂံဖွံ့ဖြိုးမှု သဘောတရားမှာ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ရှိ မြန်မာစီးပွားရေးပညာရှင် ဒေါက်တာမျိုးသန့်ရေးသော အာရှ၏တြိဂံစီးပွားရေးဖွံ့ဖြိုးမှုစာအုပ်[၁] ထွက်လာပြီးနောက်တွင်မှ ပိုမိုလူသိများလာခဲ့ပါသည်။ ဒေသတွင်းနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးတွင် အစဉ်အလာအရ အကောက်ခွန်နှုန်းထားများ လျှော့ချပေးခြင်းကို အဓိကထားသော ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးခြင်းများကို ဦးစားပေးဆောင်ရွက်လေ့ရှိကြပါသည်။ တြိဂံဖွံ့ဖြိုးမှုသဘောမှာ ဤသမရိုးကျစီးပွားဖွံ့ဖြိုးမှုပုံစံနှင့် မတူပါ။ တြိဂံဖွံ့ဖြိုးမှုသဘောအရ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ပိုမိုတိုးတက်အောင် လုပ်ဆောင်ခြင်း၊ နယ်စပ်ဒေသဆိုင်ရာ ကုန်သွယ်မှုများ မြင့်တင်ခြင်း၊ မတူကွဲပြားသောနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်း စွမ်းအင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍများကိုပါ တိုးတက်လာအောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအချင်းချင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို တိုးတက်လာစေသောနည်းလမ်းဖြစ်ပါသည်။ တြိဂံဖွံ့ဖြိုးမှုစနစ်သည် ပထဝီအနေအထားအရတည်ရှိသော အတားအဆီးများကိုလည်းကောင်း၊ အခြားသော အတားအဆီးများကိုလည်းကောင်း ပယ်ဖျက်ပြီး အိမ်နီးချင်းနိုင်ငံအချင်းချင်း၏ စီးပွားရေးနယ်ပယ်ကို ချဲ့ထွင်ပေးသောစနစ်ပင်ဖြစ်ပါသည်။ အာဆီယံပုံစံ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ခြင်းနှင့် နောက်ခြားနားချက်မှာ ဤစံနစ်တွင် နိုင်ငံတစ်ခုလုံး အတိုင်းအတာအနေဖြင့် ပါဝင်ရန်မလိုခြင်းပင်ဖြစ်သည်။ မဲခေါင်မြစ်ဝှမ်းတိုးချဲ့ဒေသ(GMS) ကို ၁၉၉၂ ခုနှစ်ကစတင်ခဲ့ပြီး မြန်မာနိုင်ငံသည် အခြားအရှေ့တောင်အာရှ (၄) နိုင်ငံ၊ တရုတ်နိုင်ငံ၏ ယူနန်ပြည်နယ်တို့နှင့်အတူ ကနဦးအဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

→ စာမျက်နှာ ၂

၁၉၉၇ ခုနှစ် အာရှငွေကြေးပြဿနာကြောင့် ဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများထိခိုက်ခဲ့ရပါသည်။ ထိုပြဿနာကြောင့်အရှိန်နှေးသွားရသောဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်အရှိန်မြှင့်တင်ရန်လိုအပ်လာပါသည်။ ထို့ကြောင့် ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလတွင်ကျင်းပသော (၈)ကြိမ်မြောက် ဂျီအမ်အက်စ် (GMS) ဝန်ကြီးအဆင့်အစည်းအဝေးတွင် ဒေါက်တာမျိုးသန့်က စီးပွားရေးစကြ်ာန်လမ်းများသဘောတရားကို ပထမဆုံးတင်ပြဆွေးနွေးခဲ့ပါသည်။[၂]

စီးပွားရေးစကြ်ာန်လမ်းဆိုသည်မှာ သတ်မှတ်ထားသော ပထဝီဒေသတစ်ခုအတွင်း လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံကိုကောင်းမွန်အောင်လုပ်ပေးပြီး၊ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆက်စပ်ပေါင်းစည်းပေးသော စံနစ်ပင်ဖြစ်ပါသည်။ ဤအချက်အလက်များကို ပေါင်းစည်းပေးခြင်း၏ သဘောမှာ စီးပွားရေးလုပ်ကွက်များကို ချဲ့ထွင်ပေးခြင်း၊ အရေအတွက်များများထုတ်လုပ်ခြင်းမှရသော စီးပွားရေးအကျိုးများရစေခြင်း၊ တစ်နေရာနှင့်တစ်နေရာ အကွာအဝေးကိုကြုံ့သွားစေခြင်းဖြင့် ကုန်ကျစရိတ်နှင့် ခရီးသွားလာမှု လွယ်ကူစေခြင်းတို့ဖြင့် စီးပွားရေး တိုးတက်မှုအရှိန်မြှင့်တက်လာပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း ပေါများလာစေရန်ပင်ဖြစ်ပါသည်။ ၁၉၉၈ ခုနှစ်တွင် ဂျီအမ်အက်စ် နိုင်ငံများအနေဖြင့်စီးပွားရေးစကြ်ာန် လမ်း(၅)ခုကို သဘောတူခဲ့ကြပါ သည်။

အရှေ့အနောက် စီးပွားရေးစကြ်ာန်လမ်း (East West Economic Corridor)

ဂျီအမ်အက်စ်နိုင်ငံများက အရှေ့အနောက်စီးပွားရေးစကြ်ာန်လမ်းကိုပထမဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ကြရန် သဘောတူခဲ့ကြပါသည်။ လေ့လာရေးအဖွဲ့ကို ဒေါက်တာမျိုးသန့်က ဦးဆောင်ပြီး၂၀၀၀-၂၀၀၁ ခုနှစ်တွင် မြန်မာ၊ ထိုင်း၊ လာအို နှင့် ဗီယက်နမ်နိုင်ငံတို့ကိုဖြတ်၍ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကိုဆက်သွယ်ပေးမည့် ကီလိုမီတာ(၁၅၀၀) ရှည်လျားသောလမ်းကိုရှာဖွေခဲ့ကြပါသည်။ ထိုလမ်းသည် မြန်မာနိုင်ငံ မော်လမြိုင်မြို့နှင့်ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တို့ကို ဆက်သွယ်သောလမ်းဖြစ်ပါသည်။ အတွဲ(၆)တွဲပါ လေ့လာရေးစာတမ်းတွင် စကြ်ာန်လမ်းတစ်လျှောက်ရှိကုန်သွယ်ရေး၊ ကုန်းလမ်းပို့ဆောင်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးကို လေ့လာတင်ပြခဲ့ပါသည်။[၃] အဆိုပါစာတမ်းသည် နိုင်ငံ(၄)နိုင်ငံအတွင်း ပူးပေါင်းဆောင်ရွက်နိုင်သော အခြေခံမူများကိုဖော်ပြထားပြီး အဓိကထားပြီး လုပ်ဆောင်ရမည့် စီမံကိန်းပေါင်း (၇၀)ကျော်ပါဝင်ပြီး အဖွဲ့ဝင်(၄)နိုင်ငံက လက်ခံခဲ့ပါသည်။ လေ့လာမှုအရ ခရီးသွားလာရသည့်အချိန်ကုန်သက်သာခြင်း၊ ခရီးအကွာအဝေးလျော့ကျခြင်း၊ ယာဉ်သုံးစွဲမှုကုန်ကျစရိတ် သက်သာခြင်းတို့ကြောင့် အခရာကျသောလမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်လာမည်ဟု တင်ပြခဲ့ပါသည်။ ဥပမာအားဖြင့် ရန်ကုန်မှ ဘန်ကောက်သို့ ရေလမ်းအရ(၁၉၄၄)မိုင် ရှိသော်လည်းကုန်းလမ်းခရီးဖြင့် မိုင်(၄၅၀) သာရှိပါသည်။

မြန်မာ့အကျိုး

အရှေ့အနောက်စကြ်ာန်လမ်းသည် မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှု၊ အလုပ်အကိုင်များရရှိမှု၊ ပြည်ပပို့ကုန်တိုးမြှင့်မှုနှင့် ဆင်းရဲမွဲတေမှုပပျောက်ရေးဟူသော အကျိုး(၄)ချက်ကိုရရှိစေပါသည်။

ကရင်နှင့်မွန်ပြည်နယ်များ အရှေ့အနောက်စကြ်ာန်လမ်းနှင့်ပူးပေါင်းခြင်းဖြင့် ရရှိလာမည့် ပြည်တွင်းစီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးအကျိုးဆက် များစွာရှိပါသည်။

က။ မော်လမြိုင်ဆိပ်ကမ်းမှ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်ရှိ ဆိပ်ကမ်းများနှင့် ဘင်္ဂလားဒက်ရှ်၊ ထိုင်းနှင့် မလေးရှားနိုင်ငံဆိပ်ကမ်းများနှင့် ကမ်းရိုးတန်း ကုန်တင်သင်္ဘောများဖြင့်ဆက်သွယ်ခြင်း၊

ခ။ သံလွင်၊ အတ္ထရံနှင့် ဂျိုင်းမြစ်များတစ်လျှောက် မြစ်ကြောင်းသွားလာရေး ကောင်းမွန်ခြင်း၊

ဂ။ ယခုလက်ရှိ ရန်ကုန်မှ ကော့သောင်ထိ ဆက်သွယ်သောကားလမ်းနှင့်၊ အရှေ့အနောက်စကြ်ာန်လမ်းတို့ဖြတ်ပြီး ကုန်းလမ်းချိတ်ဆက်မှု ကွန်ယက်(Network) ပေါ်ပေါက်လာခြင်းတို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဤလမ်းကြောင်းကြီးကြောင့် အရှေ့ဘက်ဒေသတွင်ရှိသော စားသုံးသူသန်း(၁၀၀)ခန့်ရှိသည့် ကြီးမားသောဈေးကွက်သစ်တစ်ခုနှင့် ပို၍နီးကပ်လာစေမည်ဖြစ်ပါသည်။ ထို့ပြင်ထိုလမ်းကြောင်းဖြင့် မြန်မာမှထွက်ကုန်တန်ဘိုးမြှင့် ပြည်ပပို့ကုန်များ(Value Added Goods)ကို ကုန်တင်ကားများဖြင့် (၃၆) နာရီ ခန့်မျှသောအချိန်အတွင်း ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများသို့တင်ပို့နိုင်မည် ဖြစ်ပါသည်။

မော်လမြိုင်၊ သထုံ၊ ဘားအံ၊ မုဒုံစသော မြို့လတ်၊ မြို့ငယ်များလျင်မြန်စွာ တိုးတက်လာနိုင်ပါသည်။ အဓိကမြို့ကြီးများနှင့် စက်မှုဒေသဖွံ့ဖြိုးမှုတို့သည် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်မဏ္ဍိုင်ကြီးများ ဖြစ်လာရုံမျှမက ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုနည်းပညာသစ်များကိုလည်း ဆွဲဆောင်နိုင်မည်ဖြစ်ပြီး မြန်မာ့အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများကိုလည်း ကူညီရာရောက်ပါမည်။ အသေးစားပစ္စည်း ကုန်ထုတ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုကြီးမားသော အကြီးစား စက်မှုလုပ်ငန်းများနှင့် အထွေထွေ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ တစ်ဝက်တစ်ပျက်ပြီးစီးသော စက်မှုအစိတ်အပိုင်းများကို ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများသို့ပို့ဆောင်ပြီး အပြီးသတ် အချောကိုင်လုပ်ငန်းကို လုပ်ကိုင်စေခြင်းဖြင့် ကမ္ဘာအနှံ့ကုန်ထုတ်လုပ်ငန်း ကွင်းဆက် အတွင်းသို့ဝင်နိုင်မည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းလည်းများစွာ တိုးတက်ဖွံ့ဖြိုး လာနိုင်မည်ဖြစ်ပါသည်။ မော်လမြိုင် ဝန်းကျင်တွင် ကမ္ဘာ့အဆင့်မီ ခရီးသွားလာလည်ပတ်နိုင်သောနေရာ ဒေသများစွာ ရှိပါသည်။ မော်လမြိုင်၊ ဘီလူးကျွန်း၊ ကျိုက္ခမီ၊ ကျိုက်မရော၊ မုဒုံနှင့် သံဖြူဇရပ်တို့အပြင်

→ စာမျက်နှာ ၃

စက်စဲကမ်းခြေတို့ပါဝင်ပါသည်။ သဘာဝပတ်ဝန်းကျင် လေ့လာရေးခရီးများ၊ (ခြေလျင်လျှောက်ခြင်း၊ ဖေါင်စီးခြင်း၊ တောင်တက်ခရီးစဉ်များ) စသည်တို့ကို အရှေ့အနောက်စကြ်ာန်လမ်း တစ်လျှောက်တွင် အလွယ်တကူ စီစဉ်ပေးနိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အဓိကစဉ်းစားသင့်သောအချက်များ

အရှေ့အနောက် စီးပွားရေးစကြ်ာန်လမ်း တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံသည် အခြားသော ဂျီအမ်အက်စ်နိုင်ငံများနှင့် ဆက်သွယ်ရေးလမ်းကြောင်း တည်ဆောက်နိုင်ပါသည်။ တည်ဆောက်မှုစရိတ်စကမှာ မြန်မာနိုင်ငံအတွက် မကြီးလှပါ။ သို့သော် ဤကဲ့သို့ ဆက်သွယ်မှုလမ်းကြောင်း တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် စီးပွားရေး အကျိုးအမြတ်များ အလိုအလျောက် ပေါ်ထွက်လာမည်ဟု ယူဆ၍မရပါ။ အောက်ဖော်ပြပါ ပြဿနာ(၃)ရပ်ကို ရဲဝံ့စွာရင်ဆိုင်ရန် လိုပါသည်။

၁။ ပူးပေါင်းဆောင်ရွက်ခြင်း၏ စုစုပေါင်းကုန်ကျစရိတ်နှင့် ရရှိမည့်အကျိုးအမြတ်များကို သေချာစွာနားလည် သဘောပေါက်ခြင်းမှာ မရှိမဖြစ်အရေးကြီးပါသည်။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရာတွင် ကုန်ကျစရိတ်ရှိသကဲ့သို့ အကျိုးအမြတ်လည်း ရှိပါသည်။ နိုင်ငံအချင်းချင်း စီးပွားရေးပူးပေါင်းနိုင်ရန်၊ ရုပ်အခြေပြုလုပ်ငန်းများဖြစ်သည့် လမ်းဖေါက်ခြင်း၊ တံတားဆောက်ခြင်း လုပ်ငန်းများအတွက် ကုန်ကျစရိတ်မှာ ကြီးမားပါသည်။ ဤလုပ်ငန်းအတွက် အသုံးပြုလိုက်ရသော အရင်းအမြစ်များကို အခြားသော စီးပွားရေးဖွံ့ဖြိုးမှုအတွက် သုံးရမည့်ကုန်ကျစရိတ်များနှင့် နှိုင်းယှဉ်ကြည့်ရန်လိုပါသည်။ ထို့ကြောင့် ဂျီအမ်အက်စ်နိုင်ငံ အများစုတွင် ဤစီမံကိန်းများကို အတိုးသက်သာသော အပြည်ပြည်ဆိုင်ရာ အကူအညီနှင့် ချေးငွေများကိုအားထားပြီး ဆောက်လုပ်ပါသည်။

ပို၍အရေးကြီးသော ကုန်ကျစရိတ်တစ်ခုမှာ ပြည်တွင်းပုဂ္ဂလိက ကဏ္ဍအနေဖြင့် ပြည်ပမှသွင်းကုန်များကို ယှဉ်ပြိုင်နိုင်မှုမရှိခြင်းပင်ဖြစ်ပါသည်။ အဆိုးဆုံးအထိ ထည့်တွက်ပါက ပြည်တွင်းစက်မှုလုပ်ငန်းတစ်ခုလုံး ကွယ်ပျောက်သွားနိုင်သော အန္တရာယ်ဖြစ်နိုင်ပါသည်။ ထို့ပြင် အခြားသော လူမှုရေးစရိတ်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုပါသည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းမှ ကျယ်ပြန့်သော အကျိုးခံစားခွင့်များ ရရှိစေနိုင်ပါသည်။ ကုန်သွယ်မှု တိုးမြှင့်ခြင်းနှင့် စားသုံးသူများ၏ လူမှုဘဝသက်သာချောင်ချိရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနည်းပညာသစ်များနှင့် အတွေးအခေါ်သစ်များ၊ ဈေးကွက်သစ်များ ရှာဖွေဖေါ်ထုတ်နိုင်ခြင်းနှင့် ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင် တိုးတက်လာခြင်းတို့ ပါဝင်ပါသည်။ သို့သော် ဤအကျိုးအမြတ်များကို အတိအကျဖော်ပြရန် မလွယ်လှပါ။

တိုင်းပြည်အတွက် ရရှိလာနိုင်သည့် အကျိုးအမြတ်များကို သိရှိရုံသာမက ထိုအကျိုးအမြတ်များကို မည်သို့ခွဲဝေ အသုံးချမည်ဆိုသည်ကိုလည်း ရှင်းလင်းစွာသိထားရန် လိုပါသည်။ ခွဲဝေခြင်းဆိုရာတွင် တိုင်းပြည်အချင်းချင်း သော်လည်းကောင်း၊ တိုင်းပြည်တစ်ခုအတွင်းရှိ ဒေသများအတွက် သော်လည်းကောင်း၊ လူမျိုးနွယ်အုပ်စုများအတွက် သော်လည်းကောင်း အမျိုးမျိုးဖြစ်နိုင်ပါသည်။ ထို့ကြောင့် မည်သူတွေ အကျိုးအမြတ်အများဆုံး ရရှိမည်နည်းဆိုသောမေးခွန်းကို အမြဲမေးရန်လိုပါသည်။ ရရှိသော အကျိုးအမြတ်များ မည်သည့်နေရာသို့ ရောက်သွားမည်ဆိုသည်ကို သိရန်လိုပါသည်။

၂။ အရှေ့အနောက် စီးပွားရေးစကြ်ာန်၏ သဘောအရ နိုင်ငံတော်သည် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာရမည်ဖြစ်သည်။ ဒေသတွင်းပူးပေါင်း ဆောင်ရွက်ရေးဆိုရာတွင် အခွင့်အလမ်းသစ်များနှင့် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရခြင်းပင်ဖြစ်သည်။ အကြီးဆုံးစိန်ခေါ်မှုမှာ မိမိနိုင်ငံ၏ ပြည်တွင်းပုဂ္ဂလိကကဏ္ဍသည် ပြည်ပရှိများပြားလှသော ကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအပြည့်အဝ ရှိစေရေးပင်ဖြစ်သည်။ လွတ်လပ်သောဈေးကွက်စံနစ်တွင် စားသုံးသူများက ဆုံးဖြတ်ကြမည်ဖြစ်ပြီး အကယ်၍ ပြည်ပမှသွင်းကုန်များက အရည်အသွေးပိုကောင်းပြီး ဈေးနှုန်းလည်းချိုသာပါက ပြည်တွင်းဝယ်ယူသူများကို နိုင်ငံခြားပစ္စည်းများမဝယ်ရန် မည်သည့်နည်းနှင့်မျှ တားဆီးနိုင်မည် မဟုတ်ချေ။ အလားတူပင် ပြည်တွင်းထုတ်လုပ်ကုန်များက ပြည်ပပစ္စည်းများထက် အရည်အသွေးညံ့ဖျင်းနေပါက ဈေးကွက်သစ်များ ရှိနေသည့်တိုင်အောင် မိမိပစ္စည်းမှာ ဈေးကွက်သစ်များသို့ ထိုးဖေါက်နိုင်မည် မဟုတ်ပေ။

၃။ စက်မှုနှင့်မြို့ပြနယ်ပယ်များ စံနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် အလွန်အရေးကြီးပါသည်။ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ တိုးတက်မှုတွင် စက်မှုကဏ္ဍတိုးတက်မှုမှာ အဓိကကျပါသည်။ အရှေ့အနောက် စီးပွားရေး စကြ်ာန်လမ်းပေါ်တွင် လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့က စက်မှုလုပ်ငန်းစက်ရုံများစွာ တည်ဆောက်ပြီးဖြစ်ပါသည်။ ၄င်းတို့သည် ကောင်းမွန်သော အခြေခံအဆောက်အအုံကို သစ်ဆန်းကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးဖြင့် ချိတ်ဆက်ပြီး ဈေးကွက်သစ်များဆီသို့ ရောက်အောင်နှစ်ပေါင်းများစွာကပင် လုပ်ဆောင်နေကြပြီဖြစ်ပါသည်။ မော်လမြိုင်၊ ဘီလူးကျွန်း၊ ဘားအံနှင့် မြဝတီတို့သည် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ကောင်းသောအနေအထားတွင် တည်ရှိနေပါသည်။ မော်လမြိုင်တွင် ငါးလုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ မြဝတီတွင် အပေါ့စား စက်မှုလုပ်ငန်းများနှင့် နယ်စပ်ဒေသ ကုန်သွယ်ရေးတို့ဖြင့်ဖွံ့ဖြိုးနိုင်သော အခင်းအကျင်းများရှိနေပါသည်။ သို့သော်လည်း ထိုဒေသများရှိ အလားအလာကောင်းများကို အပြည့်အဝရရှိစေနိုင်ရေးအတွက်မှာ အခြေခံအဆောက်အအုံနှင့် မြေနေရာရှိနေရုံဖြင့် မပြီးဘဲ စီးပွားရေးဆိုင်ရာမူဝါဒ(ဘဏ္ဍာရေးနှင့် ငွေကြေး၊ အလုပ်သမားအရည်အသွေး၊ မြို့ပြတည်ထောင်မှု၊ ပြည်ပကုန်သွယ်မှု) ဘက်စုံထောက်ပံ့မှုအားလုံးကို နိုင်ငံတော်နှင့် ပြည်နယ်အစိုးရများကအပြည့်အဝ ပေးရန်လိုပါမည်။

→ စာမျက်နှာ ၄

နိဂုံး

အရှေ့အနောက် စီးပွားရေးစင်္ကြန်လမ်းသည် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းပေါင်းများစွာကို ဖန်တီးပေးပါသည်။ သို့ရာတွင် စွန့်စားမှုနှင့် စိန်ခေါ်မှုများစွာရှိပါသည်။ အထူးသဖြင့် အရှေ့အနောက် စီးပွားရေး စင်္ကြန်လမ်းပေါ်တွင်တည်ရှိပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးမှ ၎င်းတို့၏ အကျိုးအမြတ်ရရှိနိုင်မှုကို ကောင်းစွာသဘောပေါက်ထားသော ပြိုင်ဘက်နိုင်ငံများကို သတိပြုရန်လိုပါသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံအနေဖြင့် ကုန်ကျစရိတ်နှင့် အကျိုးအမြတ်အကြောင်းကို ရှင်းလင်းစွာသိထားရန် လိုပါသည်။ အကျိုးအမြတ်ကို အများဆုံးရရှိစေပြီး ကုန်ကျစရိတ်ကို အနည်းဆုံးဖြစ်စေလိုပါက အောက်ပါအချက် (၃)ချက်မှာ အဓိကကျပါသည်။

အစိုးရကဦးဆောင်ပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စင်္ကြန်လမ်းနှင့် ပတ်သက်သော မဟာဗျူဟာတစ်ခု ချမှတ်ထားရန်လိုပါသည်။ ယင်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအနေဖြင့် အရှေ့အနောက်စင်္ကြန်လမ်းကိုအိမ်နီးချင်းနိုင်ငံများသို့ အဆင်ပြေစွာသွားနိုင်သော တိုးလျှိုပေါက် လမ်းတစ်ခုအဖြစ်သာမဟုတ်ဘဲ ဒေသတွင်းပူးပေါင်းဆောင်ရွက်ခြင်းကို တိုးမြှင့်ခြင်းမှ ရရှိလာသော ဘက်စုံအကျိုးအမြတ်များကို အပြည့်အဝရရှိစေရန် ဖြစ်ရပါမည်။ ဤသို့ဖြစ်ရန်အစိုးရအနေဖြင့် အလုံးစုံနှင့် ကာလရှည်ကိုပါမြင်သော မဟာဗျူဟာတစ်ခုကို မကြာခင်ကာလအတွင်း ချမှတ်ရန်လိုပါသည်။

အစိုးရ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ရန်လိုပါသည်။ နယ်ပယ်အသီးသီးတွင်လည်း ကျွမ်းကျင်မှုလိုပါသည်။ ဥပမာအားဖြင့် ခေတ်မီစီးပွားရေး ပညာရှင်များလိုပါသည်။ မှန်ကန်သော စာရင်းဇယားများ လိုပါသည်။ သို့မှသာလျှင် နိုင်ငံခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံသည့်အခါ မိမိနိုင်ငံ၏ အကျိုးအမြတ်ကို ထိရောက်စွာ တောင်းဆိုနိုင်ပါမည်။

ပုဂ္ဂလိကကဏ္ဍသည် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကိုပါ ကောင်းစွာ ကျေညက်ထားပြီး အစိုးရနှင့် ယုံကြည်စွာဖြင့် ပူးပေါင်းလုပ်ကိုင်ရန်လိုပါသည်။

မြန်မာနိုင်ငံ၏ အနာဂါတ်ကာလသည် အခြားနိုင်ငံများနှင့် ပိုမိုပူးပေါင်းခြင်း၊ ပြည်ပဈေးကွက်များတွင် မြန်မာ့ထုတ်ကုန်များကို ပြိုင်ဘက်များထက်သာအောင် ထိုးဖေါက် ရောင်းချနိုင်ရေးတို့နှင့် ပြည့်လျက်ရှိပါသည်။ ထိုအနာဂါတ်အတွက် ပြင်ဆင်ရမည့် အချိန်မှာယနေ့ပင် ဖြစ်ပါတော့သည်။

[၁] Growth Triangles in Asia: A New Approach to Regional Economic Cooperation, ed Myo Thant et al, Oxford University Press, 1994.

[၂] Myo Thant, "The Development of Economic Corridors in The Greater Mekong Subregion", in Private Sector Perspective in The Greater Mekong Subregion, New York, United Nations, 2000.

[၃] Pre Investment Study for the GMS East West Economic Corridor, 6 Volumes, ADB, 2001.

ဆဋ္ဌမနှင့် သတ္တမအကြိမ်မြောက် **AEC** အလုပ်ရုံ ဆွေးနွေးပွဲတွင် ဦးဆောင် ဆွေးနွေးခဲ့သောပုဂ္ဂိုလ်များ

မော်လမြိုင်မြို့ . . . ၂၀၁၃ ခုနှစ်၊ မေလ၊ (၁၈)ရက်။
ဘားအံမြို့ . . . . . ၂၀၁၃ ခုနှစ်၊ မေလ၊ (၁၉)ရက်။

အခမ်းအနားသဘာပတိ
ဦးတင်ချို (အကြီးတန်းအကြံပေး)
ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စု

"AEC Blueprint"
ဒေါ်တင်တင်ထွေး (အကြီးတန်းအကြံပေး)
ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စု

"SME Financing"
ဦးစံသိန်း (အကြီးတန်းအကြံပေး)
အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်

"Int'l Road Transport Linkages & GMS East West Economic Corridor and Myanmar"
ဦးအောင်မြင့် (အကြီးတန်းအကြံပေး)
ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စု

"AEC workshop မှ ဆွေးနွေးတင်ပြချက်များ အပေါ်ခြုံငုံသုံးသပ်ခြင်း"
ဒေါက်တာဒေါ်ခင်အုန်းသန့် (အငြိမ်းစား-အကြံပေး)
အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

အာဆီယံစီးပွားရေးအသိုက်အဝန်း အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများ၏တင်ပြချက်များ၊ ပြုလုပ်ခဲ့ပြီးသော ဆွေးနွေးပွဲများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို www.aec.com.mm တွင် download ပြုနိုင်ပါသည်။

AEC Perspectives

ဤစာစောင်ကို ပါရမီ စားပွဲဝိုင်းဆွေးနွေးပွဲအုပ်စုမှ တာဝန်ယူထုတ်ဝေခြင်းဖြစ်ပါသည်။ မူပိုင်ခွင့်မှာသက်ဆိုင်ရာ ဟောပြောပို့ချသော ပညာရှင်များနှင့်သာသက်ဆိုင်ပါသည်။

ပါရမီစားပွဲဝိုင်း ဆွေးနွေးပွဲအုပ်စုအနေဖြင့် ဤစာစောင်တွင် ပါဝင်သော အတွေးအမြင်ယူဆချက်များအတွက် တာဝန်မရှိပါ။ သက်ဆိုင်ရာ ပညာရှင်တစ်ဦးဦးနှင့်သာ သက်ဆိုင်ပါသည်။ ဤစာစောင်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ကြိုတင်ခွင့်ပြုချက်မရှိဘဲ မည်သူမျှကူးယူ အသုံးချခွင့်မရှိပါ။ ဝေဖန်ချက်၊ အကြံပြုချက်များကို အမြဲလက်ခံ ကြိုဆိုပါသည်။

ဆက်သွယ်ရန်လိပ်စာ
ပါရမီစားပွဲဝိုင်းဆွေးနွေးပွဲအုပ်စု
အမှတ် (၁၄-၀၄)၊ ဆာကူရာတာဝါ၊
ဆူးလေဘုရားလမ်း၊ ရန်ကုန်။
ဖုန်း- (၀၁) ၂၅၅၁၀၄၊ ၂၅၅၁၀၆
ဖက်စ်- (၀၁) ၂၅၅၁၀၉
Email : info@aec.com.mm
Website : www.aec.com.mm

ထုတ်ဝေသူ - ဦးအောင်မြတ်မိုး(ယာယီ။၁၉၇၆)၊ ဖြန့်ချိရေး - AEC Perspectives စာပေ။